# မာတိကာ


| | | |
|---|---|---|
| - | ဆရာဟိန်းလတ်၏ အမှာစာ | ၁ |
| - | မောင်ကျော်ရောပ လင်းရောင်ပြခဲ့ | ၆ |
| - | ကိုအန်ဒရူးသိန်းဆွေ(Ph.D,PG,El Florida,USA)၏အမှာစာ | ၁၁ |
| - | ကျေးဇူးတင်စကား | ၁၂ |
| - | စာရေးသူ၏အမှာစာ | ၁၃ |
| ၁ | အခန်း(၁) အေဒီ-၇၁၁ စပိန် | ၂၃ |
| ၂ | အခန်း(၂) Battle of Tours ခေတ်ပြိုင် တိုးစ်စစ်ပွဲ | ၃၇ |
| ၃ | အခန်း(၃) စပိန်ခေတ်ပြိုင် အိန္ဒိယကိုအောင်နိုင်ခြင်း(၇၁၁-အေဒီ) | ၄၁ |
| ၄ | အခန်း(၄) အဘာဆစ်တော်လှန်ရေး(၇၅၀-အေဒီ) | ၅၅ |
| ၅ | အခန်း(၅) မွန်ဂိုတို့ သမိုင်းပေါ်တက်လာခြင်း | ၇၀ |
| ၆ | အခန်း(၆) ခေတ်ပြိုင် စတုတ္ထခရူးဆိတ်စစ်ပွဲ | ၉၀ |
| ၇ | အခန်း(၇) အော်တိုမန်အင်ပါယာ အစပြုလာပုံ | ၉၇ |
| ၈ | အခန်း(၈) ကွန်စတန်တီနိုပလ်ကို အောင်နိုင်ခြင်း | ၁၁၅ |
| ၉ | အခန်း(၉) မြို့သိမ်းတိုက်ပွဲ | ၁၃၃ |
| ၁၀ | အခန်း(၁၀) ခေတ်ပြိုင်ဥရောပ | ၁၄၃ |
| ၁၁ | အခန်း(၁၁) အော်တိုမန်အင်ပါယာ၏ ဥရောပစစ်ဆင်ရေး | ၁၅၁ |
| | ဆားဘီးယားကိုအောင်နိုင်ခြင်း(၁၄၅၄-၁၄၅၉) | |
| | မော်ရီယာ(Morea)ကိုအောင်နိုင်ခြင်း(၁၄၅၈-၁၄၆၀) | |
| | ထရက်ဗီဇွန် (Trebizond) ကိုအောင်နိုင်ခြင်း(၁၄၆၀-၆၁) | |
| | ရိုမေးနီးယား(Wallachia)ကိုအောင်နိုင်ခြင်း(၁၄၅၉-၁၄၆၂) | |
| | ဘော့စနီးယားကိုအောင်မြင်ခြင်း(၁၄၅၈-၁၄၆၃) | |
| | အော်တိုမန်-ဗင်းနစ်စစ်ပွဲ(၁၄၆၃-၁၄၇၉) | |
| | အနာတိုလီယာ(Anatolia)ကိုအောင်နိုင်ခြင်း(၁၄၆၄-၁၄၇၃) | |
| | မော်လ်ဒေးဗီးယားစစ်ပွဲ(၁၄၇၅-၁၄၇၆) | |
| | အလ်ဘေးနီးယားကိုအောင်မြင်ခြင်း(၁၄၆၆-၁၄၇၈) | |
| | အီတလီသို့ချီတက်တိုက်ခိုက်ခြင်း(၁၄၈၀) | |
| ၁၂ | အခန်း(၁၂) စပိန်နေညိုချိန် | ၁၆၇ |
| ၁၃ | အခန်း(၁၃) ဘက်ဒါဒ်ကျဆုံးခြင်း-လူ့သမိုင်း၏သွေးသံအရဲဆုံးနေ့ | ၁၇၇ |
| ၁၄ | အခန်း(၁၄) ဘက်ဒါဒ်ကျဆုံးခြင်းနှင့်ရလဒ် | ၁၈၃ |
| ၁၅ | အခန်း(၁၅) စပိန်ကတ္တီပါလမ်းခွဲ | ၁၈၇ |
| ၁၆ | အခန်း(၁၆) အစ္စလာမ်ကမ္ဘာ၏သေရေးရှင်ရေး၊ သို့မဟုတ် အိုင်းန်ဂျာလုသ် (Ayn Jalut) တိုက်ပွဲ (၁၂၆၀) | ၁၉၅ |
| ၁၇ | အခန်း(၁၇) ခေတ်ပြိုင်စပိန် | ၂၀၇ |
| ၁၈ | အခန်း(၁၈) အစ္စလာမ်စပိန်နိုင်ငံ၏ အတက်အကျ | ၂၂၇ |
| ၁၉ | အခန်း(၁၉) ဓမ္မန္တရာယ်ခုံရုံး (Inquisition-အင်ကွီဇေးရှင်း) | ၂၄၉ |
| ၂၀ | အခန်း(၂၀) အော်တိုမန်တို့ ဗီယင်နာအား ပိုင်းရံပိတ်ဆို့တိုက်ခိုက်ခြင်း | ၂၇၁ |
| ၂၁ | အခန်း(၂၁) အော်တိုမန်တို့ ဗီယင်နာအား ဒုတိယအကြိမ် ပိုင်းရံပိတ်ဆို့တိုက်ခိုက် ခြင်း | ၂၇၇ |
| ၂၂ | အခန်း(၂၂) ခေတ်ပြိုင် နယ်သာလန်လွတ်လပ်ရေးစစ်ပွဲ | ၂၈၉ |
| ၂၃ | အခန်း(၂၃) ပင်လယ်ရေလမ်းများနှင့် နယ်မြေသစ်များရှာဖွေတွေ့ရှိခြင်း | ၃၀၅ |
| ၂၄ | အခန်း(၂၄) စပိန်အစ္စလာမ်နိုင်ငံ ပြိုကွဲရသောအကြောင်းရင်းများ | ၃၁၃ |
| | ၁။ အတွင်းစည်းပြိုကွဲမှု | |
| | ၂။ ပြည်တွင်းစစ် | |
| ၂၅ | အခန်း(၂၅) သင်ခန်းစာ | ၃၁၅ |
| ၂၆ | အခန်း(၂၆) စပိန် မွတ်စလင်မိုးရ်(Moors)ဆိုသည်မှာ | ၃၁၉ |
| ၂၇ | အခန်း(၂၇) မိုးရ်နှင့် အာဖရိကန်ဆက်နွယ်မှု | ၃၂၀ |
| ၂၈ | အခန်း(၂၈) အာဖရိကဆက်နွယ်မှု | ၃၄၉ |
| ၂၉ | အခန်း(၂၉) တေးဂီတဆိုင်ရာ မိုးရ်တို့၏လွှမ်းမိုးမှု | ၃၅၃ |
| ၃၀ | အခန်း(၃၀) ဥရောပတိုက်အပေါ် အာရပ်စပိန်၏ကျေးဇူး (Renaissance) ဘယ်လိုဖြစ်ပေါ်လာသလဲ... | ၃၅၅ |
| ၃၁ | အခန်း(၃၁) စပိန်မိုးရ်တို့၏ အောင်မြင်ဖြစ်ထွန်းမှုများ | ၃၆၅ |
| ၃၂ | အခန်း(၃၂) သိပ္ပံ | ၃၇၅ |
| ၃၃ | အခန်း(၃၃) အစ္စလာမ်နှင့်အာဖရိက အစ္စလာမ်ကျူးကျော်မှုနှင့်အာဖရိက | ၃၇၉ |
| ၃၄ | အခန်း(၃၄) အတ္တလန္တိတ် ကျွန်ကုန်သွယ်ရေး | ၃၉၃ |
| ၃၅ | အခန်း(၃၅) စပိန်မွတ်စလင်လူ့အဖွဲ့အစည်း၏ အနုပညာနှင့်ဗိသုကာ | ၄၁၅ |
| ၃၆ | အခန်း(၃၆) မိုးရ်ဗိသုကာဆိုင်ရာ ဝေါဟာရများနှင့်ဝိသေသလက္ခဏာများ (Moorish Architectural Characteristics and Vocabulary) | ၄၃၅ |
| ၃၇ | အခန်း(၃၇) နှစ်ပေါင်း၅၀၀ကျော်ကြာ အစ္စလာမ်ပေါ်တူဂီနိုင်ငံ | ၄၄၁ |
| ၃၈ | အခန်း(၃၈) ဇလီများအား ချော့ချိုလုပ်ခဲ့ခြင်း | ၄၄၅ |
| ၃၉ | အခန်း(၃၉) ယနေ့စပိန် | ၄၅၃ |
| ၄၀ | အခန်း(၄၀) အစ္စလာမ်ကမ္ဘာ၏ အဓိကအင်ပါယာများနှင့်မင်းဆက်များ | ၄၆၃ |
| ၄၁ | အခန်း(၄၁) သက္ကရာဇ်စဉ် | ၄၆၇ |


# ကိုအန်ဒရူးသိန်းဆွေ၏ အမှာစာ

နေဇင်ရဲ့ စပိန်သမိုင်းကတော့ အတွေ့ရ အဖတ်ရနည်းတဲ့ သမိုင်းကြောင်းတစ်ခုကို အသေးစိတ် ပြန်ရေးပြတယ်လို့ မြင်တယ်။

စပိန်နိုင်ငံဆိုတာ အေဒီ ၁၅ ရာစုလောက်မှ စပေါ်လာခဲ့တာဖြစ်တယ်။ ဒီ့အရင် ဒီဒေသရဲ့ သမိုင်းကိုကြည့်ရင် Hispanianဆိုတဲ့ ရိုမင်အင်ပါယာအောက် ရောက်တဲ့အချိန်ပြောတာရှိမယ်။ ရိုမင်တွေ ဆုတ်သွားပြီး Vandals, Huns, and Visigoths တွေ ဝင်လာတာကိုပြောတာရှိမယ်။ အဲဒီနောက် Castille နဲ့ Aragon နယ်တွေအကြောင်းပြောမယ်။ ပြီးရင်၁၅ရာစုကစလို့ Moorish rulersတွေတိုက်ထုတ်ပြီးဖာဒီနန်နဲ့အစ္စဘဲလားတို့တည်ထောင်တဲ့စပိန်အကြောင်းပြောမယ်။ ဟောလီးဝုဒ် ရုပ်ရှင်တွေမှာလည်း ဒီလို theme မျိုးတွေပဲ ရိုက်ပြတယ်။ နှစ်ပေါင်း ၈၀၀လောက် အာရပ်တို့စိုးမိုးထားတဲ့ Al Andlusia ဆိုတာတော့ ရေးတာ၊ ပြောတာနည်းကြတယ်။ ရုပ်ရှင်တွေထဲ မလွှဲမရှောင်သာလို့ ရိုက်ပြရရင် Moores ဆိုပြီး ကပ္ပလီတွေနဲ့ အရင်က ရိုက်ပြကြတယ်။ အခုနောက်ပိုင်းရောက်မှ အာရပ်တွေထည့်ရိုက်ပြတယ်။

ကျောင်းနေစဉ် စပိန်ကလာတဲ့သူတစ်ဦးနဲ့ သိကျွမ်းဖူးခဲ့တယ်။ သူကစကားပြောရင် အမြဲတမ်း စပိန်မှာဆို ဘယ်လိုဆိုတာ ပြောတတ်တာကြောင့် သူ့ကို စပိန်သမိုင်းမေးမိတယ်။ သူ့အဖြေကလည်း ရိုမင်၊ ဒီ့နောက် ဂေါသ့်၊ ဒီ့နောက် ဖာဒီနန်နဲ့အစ္စဘဲလားရဲ့စပိန်ဆိုတာမျိုးပဲပြောခဲ့တယ်။

ဆိုတော့ အလွယ်တကူ အင်တာနက်မှာရှာလို့ရမယ့် စပိန်သမိုင်းဆိုတာကိုကြည့်ရင် နှစ်မျိုးတွေ့နိုင်တယ်။ ပထမတစ်မျိုးက ရိုမင်၊ ဂေါ့သ်၊ စပိန်နဲ့ နောက်တစ်မျိုးက ရိုမင်၊ ဂေါသ့်၊ Moors နဲ့စပိန်တို့ဖြစ်တယ်။ အေဒီ ၈ရာစုနဲ့ ၁၅ရာစုကြား Moors တွေသိမ်းထားတဲ့အချိန် နှစ် ၈၀၀လောက်ကို Reconquest ပြန်လည် သိမ်းပိုက်ခြင်းလို့ရေးတယ်။ တကယ်တမ်း Moors တွေနဲ့တိုက်ပြီး နယ်တွေ တစ်စတစ်စပြန်သိမ်းခဲ့တာ အေဒီ ၁၂ရာစုလောက်မှာ စခဲ့တာဖြစ်တယ်။ Moors တွေသိမ်းထားချိန် သူတို့နဲ့သွေးနှောခြင်းမရှိဘူး၊ သူတို့ယဉ်ကျေးမှုကို လက်ခံခြင်းမရှိဘူးစသဖြင့် မျိုးချစ် narrative နဲ့ရေးတာမျိုးတွေလည်း တွေ့နိုင်တယ်။

အခုစာအုပ်မှာတော့ အဲဒီနှစ်၈၀၀အကြောင်း၊ Al Andlusia သမိုင်းအကြောင်း ခေတ်ငါးခေတ်ခွဲကာ အသေးစိတ် ရေးထားတာကို တွေ့ရမှာဖြစ်တယ်။ Moors ဆိုတာ ဘယ်သူတွေ၊ ဘာကြောင့် အိုင်ဘာရီယန်ကျွန်းဆွယ်ကို သိမ်းခဲ့ရတယ် ဆိုတာလည်း တွေ့ရမှာဖြစ်တယ်။ ဘာကြောင့် Al Andlusia တဖြည်းဖြည်းနဲ့ ပဲ့ပါပြီး ဆုံးရှုံးခဲ့ရတယ်ဆိုတာ လည်း သုံးသပ်ပြထားတာကို တွေ့ရမှာဖြစ်တယ်။ စပိန်သမိုင်းသာမက အဲဒီအချိန် တခြားဒေသတွေမှာဖြစ်နေတဲ့ အိန္ဒိယ အခြေအနေ၊ မွန်ဂိုတို့အားကောင်းလာတာ၊ ခရူးဆိတ်စစ်ပွဲတွေဖြစ်တာ၊ အော်တိုမန်အင်ပါယာပေါ်လာတာစတဲ့ သမိုင်း အဖြစ်အပျက်များနဲ့ပါ ယှဉ်ပြိုင်ရေးပြထားတာကိုလည်း တွေ့ရမှာဖြစ်တယ်။ မွတ်စလင်ကမ္ဘာမှာ ဖြစ်ပျက်နေတာတွေက စပိန်နိုင်ငံအပေါ် ဘယ်လိုအကျိုးသက်ရောက်တယ်ဆိုတာကို မြင်နိုင်အောင် ရေးပြထားတာဖြစ်ပေမယ့် စပိန်အကြောင်းသာ သီးသန့်ဖတ်ချင်ရင် အဲဒီအခန်းတွေကို ကျော်ဖတ်သွားလို့ရတယ်။ နောက်သိချင်မှ အဲဒီအခန်းတစ်ခုဆီကို သီးသန့် ပြန်လိုက်ဖတ်လို့လည်းရတယ်။

**Andrew T. Sway**
Ph.D, PG, EI Florida, USA
January 09, 2022